## Message Four

## အရာအားလုံးပါဝင်သော ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ခြင်း
## နို့ နှင့် ပျားရည်ဖြင့် စီးဆင်းသောပြည်

ကျမ်းပိုဒ်ဖတ်ရန်၊ deut.8:7-10; 12:6-7, 11-12, 18

**I. ခရစ်တော်အားဖြင့် သူကိုယ်တိုင်အထဲသို့ ယူဆောင်ခဲ့သော ခရစ်တော်၌ ယုံကြည်သူများသည် ကောင်းသော မြေကဲ့သို့ ခိုင်းနှိုင်းသရုပ်ဖော်သော ခါနန်းမြေ၌ ခရစ်တော်အပေါ် ကျနော်တို့အားထုတ် လုပ်ဆောင်ရန် လိုအပ်သည်၊ 1cor. 1:30; col. 1:12:**

A. အစ္စရေးလူမျိုးများသည် ခါနန်းပြည် အထဲသို့ဝင်၍ ခါနန်းပြည်ကိုပိုင်ဆိုင်ပြီး သူတို့၏ ဝေစုအဖြင့် လက်ခံရရှိပြီးနောက် ထိုမြေအပေါ်တွင် အားထုတ်လုပ်ဆောင် ကြသည်။ Deut. 8:7-10; 12:6-7, 11:12, 18

B. ကောင်းသောမြေကဲ့သို့ ဖြစ်သော ခရစ်တော်အထဲသို့ ကျနော်တို့ အသက်ရှင်ခဲ့ခြင်းသည် ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ခြင်း၏ အသက်ဖြစ်သည်။ col. 1:12; Rom. 15:16; 1cor.15:10.

C. ခရစ်တော်အပေါ် ကောင်းသောမြေကဲ့သို့ ခရစ်တော်ထုပ်လို့ဖို့ရန် ကျနော်တို့ အားထုတ်လုပ်ဆောင်ဖို့ လိုအပ်သော်လည်း၊ ကျနော်တို့က ခရစ်တော်ကို ထုတ်လုပ်ခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ အားထုတ်လုပ်ဆောင် ခြင်းဖြင့် ကျွန်ုပ်တို့၌ ခရစ်တော်က သူ့ကိုသူ ထုတ်လုပ်ခြင်းဖြစ်သည်၊ Phil. 2:13; Eph. 3:17; Col. 3:15-16

D. မနက်ခင်းတိုင်း ကျနော်တို့ ဆုတောင်းဖို့လိုအပ်သည်၊ ကျေးဇူးတော်၏ နေ့စဉ်ဝေစုအတွက်၊ သူ့အပေါ် အားထုတ်လုပ်ဆောင်ခြင်းဖြင့် သူ့ကိုမွေ့လျော်ခြင်းနှင့် တွေ့ကြုံခံစားခြင်းကို ဦးတည်၍ ကိုယ့်ကို ဆက်ကပ်အပ်နှံ ရန် ကိုယ်တော်ကို တောင်းဆိုသင့်သည်၊ Rom. 12:1-2; 15:16.

E. တနေ့သာလုံး၊ ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့၏ မိတ်သဟာယဖွဲ့ခြင်းကို စောင့်ထိန်းဖို့ရန် လိုအပ်သည်၊ သို့ဖြစ်၍ သူ့ကိုဆက်သွယ်ရန်၊ သူ့အပေါ်အားထုတ်လုပ်ဆောင်ရန်၊ သူ့ကိုလက်တွေ့ အသုံးပြုရန်၊ သူ့ကိုတွေ့ကြုံခံစားရန်နှင့် သူ့ကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်၊ John 15:4-5, 11; 16:22; 1pet. 1:8.

F. ကျွန်ုပ်တို့၏ ဝိညည်လေ့ကျင့်ခြင်းသည် ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ခြင်း၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် ခရစ်တော်ကို ထုပ်လုပ်ခြင်းများ၏ သော့ချက်ဖြစ်သည်၊ 1Tim. 4:7.

1. ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ရန် နည်းလမ်းသည် ကျွန်ုပ်တို့၏ ဝိညည်ကိုလေ့ကျင့်ခြင်းဖြင့် ကောင်းသောမြေကဲ့သို့ အရာအားလုံးပါဝင်သော ခရစ်တော်၏ စစ်မှန်ခြင်းနှင့် ဝိညည်တော်ကို ဆက်သွယ်ရန် ဖြစ်သည်၊ Gal. 3:14

2. တနေ့သာလုံး၊ မည်ကဲ့သို့သောအနေအထားမျိုးနှင့် ပတ်ဝန်းကျင်အခြေအနေအားလုံး၌ ကိုယ်တော်ကို ဆက်သွယ်ရန်နှင့် သူ့ကိုတွေ့ကြုံခံစားရန်အတွက် ကျွန်ုပ်တို့၏ ဝိညည်ကို ကျနော်တို့ လေ့ကျင့်သင့်သည်၊ 1 Tim. 4:7; Rom. 8:4; 1cor. 6:17; Phil. 4:11-13

G. ကိုယ်တော်ကိုချစ်ဖို့ရန်၊ ကိုယ်တော်၌ယုံကြည်ခြင်းရှိဖို့ရန် ကျွန်ုပ်တို့၏ စိတ်နှလုံးကို လေ့ကျင့်ခြင်း အားဖြင့် ကောင်းသောမြေကဲ့သို့ ခရစ်တော်အပေါ် ကျနော်တို့ အားထုတ်လုပ်ဆောင်ခြင်းနှင့် ကျွန်ုပ်တို့၏ ဝိညည် ကို လေ့ကျင့်ခြင်းဖြင့် ကိုယ်တော်ကို ဆက်သွယ်ရန်၊ ကောင်းသောမြေကဲ့သို့ ခရစ်တော်၏ စစ်မှန်ခြင်း၌ အရာ အားလုံးပါဝင်သော အသက်ပေးသောဝိညည်တော်၏ ဖြန့်ဖြူးခြင်းကို လက်ခံရရှိရန် ဖြစ်သည်၊ 2 Cor. 3:16; 13:14; Gal. 3:14.

**II. အရာအားလုံးပါဝင်သော ခရစ်တော်ကို ခိုင်းနှိုင်းသရုပ်ဖော်သကဲ့သို့ဖြစ်သော ခါနန်ပြည်သည် နို့ရည်နှင့် ပျားရည် ဖြင့် စီးဆင်းသောပြည် ဖြစ်သည်၊ Exo. 3:8, 17; 33:3; lev. 20:24; Num. 13:27; 14:8; Deut. 6:3; 26:9, 15; 27:3; josh. 5:6.**

A. နို့ရည်နှင့်ပျားရည် များသည် အသက်နှစ်မျိုး၏ ပေါင်းစပ်ခြင်းမှ ထုပ်လုပ်ခြင်းဖြစ်သည် - ဟင်းသီးဟင်းရွက်အသက်နှင့် တိရိစ္ဆာန်အသက် ဖြစ်သည်။

1. တရားဟောရာကျမ်း ၈:၈၌ ပျားရည်သည် သစ်ပင်များနှင့် အတူတကွ ထားရှိခဲ့သည် - ဂျုံ၊ မုယော၊ စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊ တလည်းပင်နှင့် သံလွင်ပင်များ ဖြစ်သည်။

2. တရားဟောရာကျမ်း ၃၂:၁၄ ၌ နို့ရည်သည် တိရိစ္ဆာန်များနှင့် အတူတကွ ထားရှိခဲ့သည်၊ ကျွဲနွား နှင့် တိရိစ္ဆာန် အုပ်စုအဖြင့်။

3. ပျားရည်နှင့် အများပိုင်းသက်ဆိုင်သော အရာသည် အပင်များ၏ အသက်ဖြင့် ဆက်စပ်၍၊ ပို၍ကြီးမားသော အပိုင်းတွင် တိရိစ္ဆာန်၏ အသက်ဖြင့် ဆက်စပ်သည်။

a. ဤအသက်နှစ်မျိုးကို အတူတကွပေါင်းစပ်သော အခါ ပျားရည်ကို ထုတ်လုပ်ခဲ့သည်။

b. နို့ရည်သည် ဟင်းသီးဟင်းရွက်၏ အသက်နှင့် တိရိစ္ဆာန်၏ အသက် နှစ်ခုစလုံးမှ ထုပ်လုပ်ခြင်း ဖြစ်သည်၊ သို့သော် အများပိုင်းသည် တိရိစ္ဆာန်၏ အသက်ပိုင်းနှင့် ဆိုင်၍ စားကျက်မြေပြင်မှ စာကျက်ခြင်း( ဟင်းသီးဟင်းရွက်၏ အသက်) နှင့် ကျွဲနွား၊ တိရိစ္ဆာန်အုပ်စု( တိရိစ္ဆာန်၏ အသက်)မှ ထုပ်လုပ်သည်။

B. နို့ရည်နှင့်ပျားရည်၊ ဟင်းသီးဟင်းရွက်အသက်နှင့် တိရိစ္ဆာန်အသက် နှစ်ခုစလုံး ပေါင်းစပ်ခြင်း၊ ခရစ်တော်၏ အသက်နှစ်မျိုး သဘောဆောင်သော ရွေးနုတ်ခြင်းသွင်ပြင်နှင့် အသက်ထုပ်လုပ်ခြင်း သွင်ပြင် များ ကိုပုံဆောင်သည်၊ Deut. 8:8; 32:13-14။

1. ဟင်းသီးဟင်းရွက် အသက်သည် အသက်ဖြစ်ပေါ်စေခြင်းနှင့် အသက်မျိုးပွားခြင်း ဖြစ်သည်၊ ဤအသက်သည် ခရစ်တော်၏ အသက်ဖြစ်ပေါ်စေခြင်းနှင့် အသက်မျိုးပွားခြင်းကို သဘောဆောင်ခြင်း ဖြစ်သည်၊ John. 12:24။

2. တိရိစ္ဆာန် အသက်သည် ခရစ်တော်၏ ရွေးနုတ်ခြင်း အသက်ကို သဘောဆောင်သည်၊ John 6:54 - 55။

3. ရွေးနုတ်ခြင်း သဘောဆောင်သော ခရစ်တော်၏ အသက်သည် ကျွန်ုပ်တို့၏ တရားဝင် ရွေးနုတ်ခြင်း အတွက်ဖြစ်၍၊ အသက်ဖြစ်ပေါ်ခြင်း သဘောဆောင်သော ခရစ်တော်၏ အသက်သည် ကျွန်ုပ်တို့၏ အသက်ဆိုင်ရာ ကယ်တင်ခြင်း အတွက်ဖြစ်သည်၊ 1:29; 12:24; Rev.2:7; Rom. 5:10။

4. ကိုယ်တော်၏ စားပွဲ သင်္ကေတသည် ရွေးနုတ်ခြင်းနှင့် ခရစ်တော်၏ အသက်ဖြစ်ပေါ်စေခြင်း အပိုင်း၌ သဘောဆောင်၍ ဘုရားသခင်၏ ပြီးမြောက်သော ကယ်တင်ခြင်း အတွက်ဖြစ်သည်၊ matt.26:26-28; 1cor. 10:17။

5. နို့ရည်နှင့်ပျားရည်သည် ခရစ်တော်၏ အသက်၏ ချိုမြိန်ခြင်းနှင့် ကောင်းမြတ်ခြင်းကို ပြောထွက်ခြင်း ဖြစ်သည်၊ Eph. 5:2; Phil. 4:18

a. တချိန်အတောတွင်း ဟင်းသီးဟင်းရွက်အသက်နှင့် တိရိစ္ဆာန်အသက် နှစ်ခုစလုံးကဲ့သို့ ကျနော်တို့သည် ခရစ်တော်ကို တွေ့ကြုံ၊ မွေ့လျော်သောအခါ၊ ကိုယ်တော်ကို ကျွန်ုပ်တို့ထံ ဘယ်လောက်ကောင်းမြတ်ကြောင်း၊ ကြွယ်ဝကြောင်း၊ ချိုမြိန်ကြောင်း ကျနော်တို့ နားလည်သဘောပေါက်လာ မည်ဖြစ်သည်။

b. ခရစ်တော်၏ ချိုမြိန်ခြင်းနှင့် ကြွယ်ဝခြင်းကို ကျနော်တို့၏ အာရုံ၌ ခံစားလာမည် - ပျားရည်၏ချိုမြိန်ခြင်းနှင့် နို့ရည်၏ ကောင်းမြတ်ခြင်း။

6. ပျားရည်နှင့်နို့ရည်၏ မြေကဲ့သို့ဖြစ်သော ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းဖြင့်၊ ပျားရည်နှင့်နို့ရည် သကဲ့သို့ သူနှင့်အတူ ကျနော်တို့သည် ဆက်စပ်ထုံးဖွဲ့နိုင်မည်ဖြစ်သည်၊ ငါ့သတို့သမီး၊ သင်၏နှုတ်ခမ်းသည် လတ်ဆတ်သော ပျားရည်ကဲ့သို့ တစ်စက်တစ်စက်ကျတတ်၏။ song of song, 4:11a, Eph. 4:29; Col. 4:6